မြန်မာနိုင်ငံရှေ့နေများကောင်စီ
Burma Lawyers' Council

PO Box 144 Mae Sod Post Office Tak Province 63110 Thailand Tel : Fax (66) (055) : 533 766 E-mail : blcms@cscoms.com
Website : www. blc-burma.org

# အကျဉ်းသား လေးထောင်နီးပါး လွှတ်ပေးမည်ဖြစ်ကြောင်း နအဖ၏ ကြေညာချက် နှင့် စပ်လျှဉ်း၍ ဥပဒေရှုဒေါင့်မှ  သုံးသပ်တင်ပြချက်

# BLC Analysis and Recommendations on Release of Political Prisoners

(၁) နအဖ သည် အကျဉ်းသားပေါင်း ၃၉၃၇ ဦးကို အကျဉ်းထောင်များ မှ လွှတ်ပေးတော့မည် ဖြစ်ကြောင်း ၂၀၀၄ ခုနှစ် နိုဝင်ဘာလ (၁၈) ရက်နေ့ တွင် သတင်း ထုတ်ပြန်ခဲ့သည်။ ဥပဒေ ကြောင်းအထောက်အထား ခိုင်လုံစွာ မရှိပါဘဲလျှက် နအဖ စစ်အစိုးရ၏ သံသယ ဖြင့် ဖမ်းဆီးချုပ်နှောင်ခံထားရသော အကျဉ်းသားများ အား ပြန်လည်လွှတ်ပေးခြင်းကို လူ့ အခွင့်အရေး အခြေခံအရ ကြိုဆိုသော်လည်း နိုင်ငံသား တဦးတယောက်ကို ဖမ်းဆီးခြင်း၊ စုံစမ်းစစ်ဆေး အရေးယူဆောင်ရွက်ခြင်း၊ တရားရုံးတင် တရားစွဲဆိုခြင်း၊ ပြစ်ဒဏ်စီရင်ခြင်း၊ ပြစ်ဒဏ်မှလွှတ်ငြိမ်းခွင့် ပေးခြင်းတို့ သည်သက်ဆိုင်ရာ နိုင်ငံ၏ တည်ဆဲ ဥပဒေများ နှင့် အညီ ပြုမူလုပ်ဆောင်ရန်  လိုအပ်ပေသည်။ တက်နေသည့် အစိုးရက နိုင်ငံသားများအား ဖမ်းခြင်သည့် အချိန်တွင် ဖမ်း၊ လွှတ်ခြင်သည့် အချိန်တွင် လွှတ်၊ လက်ခုတ်ထဲက ရေခဲ့သို့ မှောက်လိုမှောက် သွန်လိုသွန် လုပ်နေခြင်းမျိုးဖြစ်လျှင် မည်သို့ မျှ လက်ခံနိုင်ဘွယ်ရာ မရှိပေ။

(၂) နအဖ စစ်အစိုးရသည် ဥပဒေ ကိုလေးစားလိုက်နာသည့် တပ်မတော်အစိုးရဖြစ်ကြောင်း ထပ်ခါတလဲလဲကြေြငာနေသည့်အချိန်တွင် အမှန်တကယ် ဥပဒေ စိုးမိုးသော လူ့ အဖွဲ့ အစည်းတရပ် အဖြစ်တည်ဆောက်လိုသည် ဆိုပါက နိုင်ငံသားတဦး၏ အခြေခံ လွတ်လပ်မှု အခွင့်အရေးများကို ထိပါးပြီး ဘဝ တခုလုံး နစ်နာပျက်စီး ဆုံးရှုံးသွားစေနိုင်လောက် သော အကျိုးသက်ရောက်မှု ဖြစ်စေနိုင်သည့် စစ်အစိုးရ၏ ဖမ်းဆီးခြင်း နှင့် ပြန်လွှတ်ပေးခြင်းဆိုင်ရာ လုပ်ငန်းစဉ်များသည် မြန်မာနိုင်ငံ၏ လက်ရှိတည်ဆဲ ဥပဒေများ နှင့် ညီညွတ်ရန် လုံးဝ လိုအပ်ပေသည်။

(၃) အမျိုးသား ထောက်လှမ်းရေး အဖွဲ့ မှ ပုံမှန်မဟုတ်ဘဲ မလျော်မကန် ထိမ်းသိမ်းထားခဲ့သော အကျဉ်းသားများကို ပြန်လည် လွှတ်ပေးခြင်းဖြစ်ကြောင်း နအဖ ၏ အကြောင်းပြချက်သည် လက်ခံနိုင်ဘွယ်ရာ မရှိပေ။ နအဖ အာဏာသိမ်းတက်လာသည့် ၁၉၈၈ စက်တဘ်ာလ (၁၈) ရက်နေ့ မှ ထောက်လှမ်းရေးမှူးချုပ် ဗိုလ်ချုပ်ကြီးဟောင်း ခင်ညွှန့် ကို အရေးယူထုတ်ပယ်ခဲ့သည့် ၂၀၀၄ ခုနှစ်အောက်တိုဘာလ (၁၉)အချိန်အထိနအဖ တပ်မတော် အစိုးရ၏ အုပ်ချုပ်မှု ယန္တယားကို အဓိက အထောက်အကူပြုခဲ့ရာတွင် ကက(ကြည်း) သည် ညာလက်ရုံးဖြစ်ပြီး ကက(လှမ်း) သည် ဘယ်လက်ရုံးဖြစ်ခဲ့ ပေသည်။ နိုင်ငံအတွင်း၌ လူ့ အခွင့်အရေး ချိုးဖေါက်မှုများ၊ နိုင်ငံသားများအပေါ် ဥပဒေမဲ့ ဖိနှိပ်မှုများ အား ကက (ကြည်း) က ကျူးလွန်သည် ဖြစ်စေ၊ ကက (လှမ်း) က ကျူးလွန်သည်ဖြစ်စေ၊ နအဖ အုပ်ချုပ်ရေး ယန္တယားမှ ခန့် အပ်တာဝန်ပေးအပ်ထားသော မည်သည့် အာဏာပိုင်ကပင် ကျူးလွန်သည်ဖြစ်စေ၊ ဗိုလ်ချုပ်မှူးကြီးသန်းရွှေဦးဆောင်လျှက် ရှိသော နအဖ တဖွဲ့ လုံးတွင် တာဝန်ရှိပေသည်။ ကက (လှမ်း) ဦးဆောင် ကြိုးကိုင်ခဲ့သော အမျိုးသား ထောက်လှမ်းရေး အဖွဲ့ တခုတည်းကို သာ အပြစ်ပုံချသည့် အနေအထားမျိုးဖြင့် ပြဿနာကို ချည်းကပ်ခြင်းမှာ လက်ခံ နိုင်ဘွယ် မရှိခြေ။ နောင်ကို နအဖ စစ်အစိုးရ အနေဖြင့် တာဝန်မဲ့စွာ ပြုမူမှုများ၊ နိုင်ငံသားများ အား လက်လွတ်စပယ် ဖမ်းဆီးအရေးယူမှုများ၊ ဥပဒေမဲ့ ဖိနှိပ်မှုများ ရှောင်ပါးသွားနိုင်စေရေးအတွက် ဥပဒေ ရှုဒေါင့်မှ အောက်ပါအတိုင်း သုံးသပ်တင်ပြ တောင်းဆို အပ်ပါသည်။

(၁) အောက်ပါ ပြစ်မှု များ အရ ဖမ်းဆီးအရေးယူထားသော အကျဉ်းသားများ နှင့်စပ်လျဉ်း၍ မည်သည့် နအဖ အာဏာပိုင်အဖွဲ့ အစည်းက မည်သည့် နေ့ တွင် မည်သို့ မည်ပုံဖမ်းဆီးအရေးယူခဲ့ ပြီး မည်သည့် အကျဉ်း စခန်း၊ ထောင်များတွင် ချုပ်နှောင်ထားဆဲဖြစ်ကြောင်း စါရင်းအတိအကျ ကို ထုတ်ပြန်ပေးရန်။

(က) ၁၉၀၈ ခုနှစ် မတရားအသင်း အက်ဥပဒေ
1908 Unlawful Association Act

(ခ) ၁၉၇၅ ခုနှစ် နိုင်ငံတော်အား နှောက်ယှက်ဖျက်ဆီးသူများ၏ ဘေးအန္တရာယ်မှ ကာကွယ်သည့် ဥပဒေ။
1975 Law Against the Dangers of Those Who Obstruct the State
( 1975 State Protection Act)

(ဂ) ပြစ်မှုဆိုင်ရာ ဥပဒေ အခန်း (၆) ပြည်ထောင်စု နိုင်ငံတော် အစိုးရကို ဆန့် ကျင် ကျူးလွန်သော ပြစ်မှုများ နှင့် အခန်း (၇) ဖွဲ့ စည်းပုံအခြေခံဥပဒေ နှင့် ပါလီမန် အက်ဥပဒေ များ၌ ပြဋ္ဌာန်းချက် အချို့ နှင့် စပ်လျဉ်းသော ပြစ်မှုများ
Offenses against the State under Chapter (6) and Offenses relating to certain provisions contained in the Constitution and Acts of the Parliament under Chapter (6 A) of Penal Code

(ဃ) ပြစ်မှု ဆိုင်ရာ ဥပဒေ အခန်း (၈) နိုင်ငံတော် ငြိမ်ဝပ်ပိပြားရေးကို ပျက်ပြားစေ သော ပြစ်မှုများ
Offenses against the Public Tranquility under Chapter (7) of Penal Code

(င) ၁၉၅၀ ခုနှစ် အရေးပေါ်စီမံမှု အက်ဥပဒေ
1950 Emergency Provision Act

(စ) နိုင်ငံတော်ကို ဦးဆောင်လျက် ရှိသော မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီအား ကာကွယ်စောင့်ရှောက်သည့် ဥပဒေ
Offenses under the Act to Protect the Burma Socialist Program Party that leads the State

(ဆ) ၁၉၈၉ ခုနှစ် ပြည်သူ့ လွှတ်တော် ရွေးကောက်ပွဲ ဥပဒေ
1989 People's Assembly Election Law

(ဇ) ၁၉၈၈ နိုင်ငံရေးပါတီ များ မှတ်ပုံတင်ခြင်း ဆိုင်ရာ ဥပဒေ
1988 Political Parties Registration Law

(ဈ) ၁၉၈၈ ခုနှစ် အသင်းအဖွဲ့ များ ဖွဲ့ စည်းခြင်းဆိုင်ရာ ဥပဒေ
1988 Organization of Association Law

(ည) ၁၉၆၁ ခြေချုပ် နှင့် ခံဝန် အက်ဥပဒေ

1961 Restriction of Movement and Probation of Habitual Offenders Law, 1961

(ဋ) ၁၉၉၆ ခုနှစ် နိုင်ငံတော် တာဝန်ကို တည်ငြိမ်အေးချမ်းစွာ စနစ်တကျ လွှဲပြောင်းပေးရေးနှင့် အမျိုးသားညီလာခံလုပ်ငန်းများအောင်မြင်စွာဆောင်ရွက်ရေးတို့ ကို နှောက်ယှက် ဆန့် ကျင်ခြင်းမှာ ကာကွယ်သည့် ဥပဒေ

(ဌ) ၁၉၄၇ ခုနှစ် လူဝင်မှု ကြီးကြပ်ရေး (လတ်တလော ပြဋ္ဌာန်းချက်များ) အက်ဥပဒေ ပုဒ်မ (၁၃)
**Article (13) of The Burma Immigration (Emergency Provisions) Act**

(ဍ) ၁၉၂၆ ခုနှစ် တရားရုံးများ မထေမဲ့မြင်ပြုမှု အက်ဥပဒေ
**1926 Contempt of Court Act**

(ဎ) ၁၉၆၂ ခုနှစ် ပုံနှိပ်သူ နှင့် ထုတ်ဝေသူများ ဆိုင်ရာ ဥပဒေ
**1962 The Printers and Publishers Registration Law**

(ဏ) ၁၉၈၅ ခုနှစ် ရုပ်မြင်သံကြားနှင့် ဗွီဒီယို ဥပဒေ
**1985 The Television and Video Law**

(တ) ၁၉၉၆ ကွန်ပြူတာ နည်းပညာ ဖွံ့ ဖြိုးရေးဥပဒေ
1996 Computer Technologies Development Law

(ထ) ၁၉၉၆ ခုနှစ် ရုပ်ရှင် ဥပဒေ
1996 Motion Picture Law

(ဒ) ၁၉၂၃ ခုနှစ် တရားဝင် လျှို့ဝှက်ချက်များ ဆိုင်ရာ ဥပဒေ
1923 Official Secrets Act

(၂) ယခု ပြန်လွှတ်လျှက် ရှိသည် ဆိုသော အကျဉ်းသားပေါင်း ၃၉၃၇ ဦး ကို မည်သည့် နအဖ အာဏာပိုင်အဖွဲ့ အစည်းက မည်သည့် နေ့ တွင် မည်သို့ မည်ပုံဖမ်းဆီးအရေးယူခဲ့ ပြီး၊ မည်သည့် ပြစ်မှုများဖြင့် စွဲချက်တင်ကါ မည်သည့်အကျဉ်း စခန်း၊ ထောင်များတွင် ဖမ်းဆီးချုပ်နှောင်ထားရာမှ မည်သို့သော ဥပဒေ အကြောင်းအချက်များ အရ သုံးသပ်ပြီး ပြန်လွှတ်ပေးခြင်းဖြစ်ကြောင်းနှင့်

(၃) ပြစ်မှု ဆိုင်ရာ ကျင့်ထုံး ဥပဒေ ပုဒ်မ (၄၀၁) ကို ရည်ညွှန်းကာ ပြစ်ဒဏ်ကို ယာယီရပ်ဆိုင်းထားသည့် သဘောဖြင့် နောင်ကို ဆက်လက်ပြီး နိုင်ငံရေး လှုပ်ရှားမှုများ မလုပ်ရဲအောင် ခံဝန်လက်မှတ်ရေးထိုးချည်နှောင်စေပြီး မှ ပြန်လွှတ်ခြင်းဖြစ်သည်၊ သို့ မဟုတ် မည်သည့် ဥပဒေ ကြောင်း အထောက်အထားဖြင့် သုံးသပ်ပြီးမှ အပြီးအပြတ် ပြန်လွှတ်ပေးလိုက်ခြင်းဖြစ်ကြောင်း

စသည် တို့ ကို ပြည်တွင်းရှိ ပြည်သူများ နှင့် နိုင်ငံတကာမှ ပါသိရှိအောင် နအဖ စစ်အစိုးရ အနေဖြင့် တရားဝင်

ထုတ်ပြန်ကျေငြာ ပေးရန် တောင်းဆိုအပ်ပါသည်။

**မြန်မာနိုင်ငံ ရွှေ့ပြောင်း နေမျိုးကောင်စီ** **နိုဝင်ဘာလ (၁၉) ရက် ၂၀၀၄ ခုနှစ်**